# အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ နောက်ခံအပြာနုအရောင်သည် ပြာသောမိုးကောင်းကင်ကြီးအောက်ရှိ ငြိမ်းချမ်းခြင်း၊ တည်ကြည်လေးနက်ခြင်း၊ ယုံကြည် ခိုင်မာခြင်း၊ မှန်ကန်မှုနှင့် မြင့်မြတ်ခြင်းစသည့် အဓိပ္ပါယ်များကို ဖော်ဆောင်ပေးပါသည်။

၂။ အဝါ၊အစိမ်း၊အနီ အရောင်(၃)ရောင်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အအလံတော်ကို ကိုယ်စားပြုသော အရောင်များဖြစ်ပြီး အဝါရောင်သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပျော်ရွှင်ခြင်းနှင့် တိုင်းရင်းသားအားလုံး ချစ်ခင်ရင်းနှီးခြင်းကို ဖော်ဆောင်ပါသည်။ အစိမ်းရောင်သည် မြေဆီသြဇာကြွယ်ဝခြင်း၊ ညီညွတ်မျှတပြီး စိမ်းလန်းစိုပြေသည့် အဓိပ္ပါယ်ကိုဆောင်ပါသည်။ အနီရောင်သည် ရဲရင့်ပြတ်သားခြင်း၏ အဓိပ္ပါယ်ကိုဆောင်ပါသည်။

၃။ ပန်းရောင်သည် ဖော်ရွေခြင်း၊ ရိုင်းပင်းကူညီခြင်း၊ ချစ်ခြင်းမေတ္တာနှင့် ချစ်ခင်ရင်းနှီးခြင်းတို့၏ အဓိပ္ပါယ်များကိုဖော်ဆောင်ပါသည်။

၄။ အညိုရောင်သည် ရန်ကုန်တိုင်းဒေသကြီး၏ ကိုယ်စားပြုအရောင်ဖြစ်ပါသည်။

၅။ ပစ်တိုင်းထောင်အဖိုအမတစ်စုံတွဲသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မှီတင်းနေထိုင်ကြသော မြို့တော်သူမြို့တော်သားအပေါင်းတို့အား ရည်ညွှန်းပါသည်။ ပစ်တိုင်းထောင်အဖိုအမစုံတွဲအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း ဂုဏ်စားဆင်ယဉ်မှုကို ဂုဏ်ဆင်ထားပြီး မြန်မာကို ကမ္ဘာကသိစေနိုင်ရန် ရည်ညွှန်းပါသည်။

၆။ နိုင်ငံတော်အလံအရောင်ခြယ်မှုန်းထားသော လက်တစ်စုံသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ရည်ညွှန်းပါသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းမှီတင်းနေထိုင်ကြသော မြို့တော်သူ မြို့တော်သားအပေါင်းတို့အား မိဘများကိုသားသမီးများက ကျွေးမွေးပြုစုစောင့်ရှောက် ကာကွယ်ပေးထားသကဲ့သို့ လက်ဖဝါးပေါ်တင်ကာ ကောင်းရာကောင်းကျိုး သယ်ပိုးထမ်းရွက်နေခြင်းကို ရည်ညွှန်းပါသည်။

၇။ ရန်ကုန်ဆိုသော စာလုံးသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်မြို့တော်သူ မြို့တော်သားတို့ကို နိုင်ငံတကာကသိရှိနိုင်စေရန်အတွက် ချိတ်ဆက်ပေးသော ပေါင်းကူးတံတားတစ်ခုအဖြစ် ရည်ညွှန်းပါသည်။

၈။ အချုပ်အားဖြင့် အပြာရောင်မိုးကောင်းကင်အောက်တွင် အတူတကွနေထိုင်ကြသော ရန်ကုန်မြို့တော်နေ ပြည်သူများအား အမိအဖသဖွယ် ဦးထိပ်ပန်ဆင်ကာ တိုးတက်ရာတိုးတက်ကြောင်းကို ဆောင်ရွက်နေသည့် ပြည်သူနှင့်အစိုးရ တစ်သားတည်းဖြစ်တည်နေသော ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပါကြောင်းကို အဓိပ္ပါယ်ဖွင့်ဆိုပါသည်။